# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

February 8, 2022 Volume 51, Number 6


၈.၂.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၂၁ US$ |
| မြန်မာ့ရွှေဈေး | = ၁၈၈၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၉၉၅ ကျပ် |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၂၇.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၂၂.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၀၅.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၆၇.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၉.၂၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၇၈၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၈.၃၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၄.၄၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၉၂၀ ကျပ် |

Source: CBM Rate, etrademyanmar.com

## ကချင်ပြည်နယ်၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်မှ ဖေဖော်ဝါရီလ ၄ ရက်နေ့ အတွင်း မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် နှစ်နိုင်ငံကုန်သွယ်မှုများရပ်ဆိုင်းထားခဲ့ရာ ယခုအခါ လွယ်ဂျယ်နှင့်ကန်ပိုက်တည်နယ်စပ် ကုန်သွယ်ရေးစခန်းများမှ နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ပြီး တစ်ပတ်ထက်တစ်ပတ် ကုန်သွယ်မှုများပြားလာသော်လည်း ယခင်ပုံမှန်ကုန်သွယ်မှု ပမာဏသို့မရောက်ရှိသေး ကြောင်း သိရှိရပါသည်။

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်မှ ဖေဖော်ဝါရီလ ၄ ရက်နေ့များအတွင်း တင်ပို့ခဲ့သည့်ကုန်ပစ္စည်းများမှာ တစ်သျှူး၊ ငှက်ပျော၊ ကြံ၊ ပြောင်း၊ ငရုတ်သီး၊ ဆန်ကွဲ၊ ဆန်နှင့် မြေထောက်ပဲများ တင်ပို့ခဲ့ကြောင်းသိရှိရပါသည်။ လွယ်ဂျယ်နယ်စပ် ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏသည် ၉၉၆၉၂၃ ဒသမ ၈၉ ကန်ဒေါ်လာဖြစ်ပြီး၊ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏမှာ ၁၈၈၇၆၃၈ ဒေါ်လာဖြစ်၍ တင်ပို့ကုန်၏ ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၂၈၈၄၅၆၁ ဒသမ ၈၉ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ Cargo Container 45’ Feet ၊ ဆေးဝါးပစ္စည်းများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ကုန်ထုတ်စက္ကူများ၊ စက်နှင့်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ချည်ထည်များ၊ အင်ဂျင်များ၊ အပ်ချည်ကြိုးများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ တင်သွင်းမှုရှိခဲ့ပါသည်။ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၃၄၈၀၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ် ကုန်သွယ်ရေး စခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၄၇၅၆၂၈ ဒသမ ၉၅ ဖြစ်၍ တင်သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၅၁၀၄၂၈ ဒသမ ၉၅ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေ ကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၃၅၇ ယွမ် ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၈၀ ဒသမ ၁၁ ကျပ်ရှိကြောင်းသိရှိရပါသည်။

**Source: မနေ့ာမြေကုန်သွယ်မှုဗဟိုဌာန**


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ၄ လအတွင်း တရုတ်ရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာသန်း ၁၁ဝ ခန့်သာ ဝင်ရောက်မှုရှိ

မီနီဘတ်ဂျတ်ကာလ ၄ လအတွင်း တရုတ်နိုင်ငံရဲ့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ပမာဏ အမေရိကန်ဒေါ်လာ ၁ဝ၉.၆ သန်းသာရှိခဲ့တယ်လို့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) ရဲ့ စာရင်းတွေမှာ ဖော်ပြထားပါတယ်။ တရုတ်နိုင်ငံမှာ စာရင်းသွင်းထားတဲ့ စီးပွားရေးလုပ်ငန်း ၁၆ ခုရဲ့ ရင်းနှီးမြှုပ်နှံမှုဖြစ်ပြီး စင်ကာပူကတော့ ထိပ်တန်းရင်းနှီးမြှုပ်နှံသူအဖြစ် ကန်ဒေါ်လာ ၂၇၅.၇ သန်း ရင်းနှီးမြှုပ်နှံထားပါတယ်။

ထို့အပြင် အိန္ဒိယ၊ တောင်ကိုရီးယား၊ ပြင်သစ်၊ ဟောင်ကောင်၊ တရုတ်(တိုင်ပေ) နဲ့ Seychelles တို့ကလည်း ယခုမီနီဘတ်ဂျတ်ကာလအတွင်း ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်ထားပြီး တရုတ်နိုင်ငံက ထုတ်လုပ်မှုကဏ္ဍမှာ အများဆုံးရင်းနှီးမြှုပ်နှံခဲ့တယ်လို့ စာရင်းတွေမှာ ဖော်ပြထားပါတယ်။

သီလဝါအထူးစီးပွားရေးဇုန်မှာ ရင်းနှီးမြှုပ်နှံမှုတိုးချဲ့မှုအပါအဝင် အောက်တိုဘာမှ ဒီဇင်ဘာလအထိ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုက အမေရိကန်ဒေါ်လာ ၅ဝ၆.၈၂ သန်းရှိခဲ့တယ်လို့ ဆိုပါတယ်။ အောက်တိုဘာလမှ ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နဲ့ သက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကော်မတီတို့က ခွင့်ပြုခဲ့တဲ့ နိုင်ငံခြားစီးပွားရေးလုပ်ငန်း ၃၂ ခုအနက် လုပ်ငန်း ၂၃ ခုက ကုန်ထုတ်လုပ်မှုကဏ္ဍမှာ ရင်းနှီးမြှုပ်နှံခဲ့တယ်လို့ သိရပါတယ်။

စိုက်ပျိုးရေး၊ လျှပ်စစ်၊ ဆောက်လုပ်ရေး၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍတို့တွင် လုပ်ငန်း ၁ ခုစီ ဝင်ရောက်ခဲ့ကြပြီး မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍကို လုပ်ငန်း ၂ ခု၊ အခြားဝန်ဆောင်မှုကဏ္ဍမှာ လုပ်ငန်း ၃ ခု ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။

**Source: BETV Business**

## ပခုက္ကူဈေးကွက်အတွင်း စီပီပြောင်းနှင့်ပဲယင်းများ စတင်ဝင်ရောက်နေပြီး ပြည်ပဝယ်လက်များကြောင့် ဈေးနှုန်းမြင့်တက်နေ

ပခုက္ကူသီးနှံဈေးကွက်အတွင်း ယခုဖေဖော်ဝါရီလဆန်းပိုင်းမှစ၍ စီပီပြောင်းဖူးစေ့များနှင့် ပဲယင်းနီ၊ ပဲယင်းဝါများ စတင်ဝင်ရောက်နေပြီး ပြည်ပဝယ်လက်များပြားသည့်အတွက် ဈေးနှုန်းမြင့်တက်နေကြောင်း ကုန်သည်များထံမှသိရသည်။ ပခုက္ကူမြို့နယ်နှင့် ရေစကြိုမြို့နယ်အတွင်း မြစ်ရေဝင်ဒေသများမှထွက်ရှိသည့် စီပီပြောင်းဖူးစေ့မှာ ဈေးကွက်အတွင်း စတင်ဝင်ရောက်ချိန်တွင် တစ်တင်း ကျပ် ၁၂ဝဝဝ ခန့်ပေါက်ဈေးရှိပြီး လက်ရှိတွင် ဝယ်လက်များပြားသည့်အတွက် တစ်တင်း ကျပ် ၁၃၃ဝဝ ပေါက်ဈေးရှိကြောင်းသိရသည်။

“စီပီပြောင်းဖူးစေ့က မြဝတီသမားနဲ့ ရန်ကုန်သမားတွေ အဓိကဝယ်နေတယ်။ ပြည်ပထွက်ကုန်ပေါ့။ လက်ရှိဈေးတန်းက တောင်သူတွေ အဆင်ပြေမှာပါ။ ဒီနှစ်ကအစိုက်နည်းတော့ အထွက်နည်းတယ်။ အထွက်နည်းလို့ ဈေးတက်တာမျိုး မဟုတ်ဘဲ ဝယ်လိုအားကောင်းလို့ကို ဈေးကကောင်းနေတာ။ လက်ရှိတော့ နေ့စဉ် အိတ်အပိုင်း ၉ဝဝ ကျော်လောက်ဝင်တယ်” ဟု ပခုက္ကူမြို့မှ သီးနှံရောင်းဝယ်ရေးလုပ်ကိုင်သူ ကိုစိန်လွင်ကပြောကြားသည်။

ပခုက္ကူဈေးကွက်သို့ စတင်ဝင်ရောက်နေသည့် ပဲယင်း (နီ) မှာ ဝယ်လိုအားများပြားသည့်အတွက် ဈေးနှုန်းမြင့်တက်နေပြီး၊ ပဲယင်း (နီ) တစ်တင်းကျပ် ၄၉၅ဝဝ ပေါက်ဈေးရှိပြီး ပဲယင်း (ဝါ) မှာ တစ်တင်းကျပ် ၂၉ဝဝဝ ပေါက်ဈေးရှိကြောင်းသိရသည်။ “ပဲယင်းအနီကတော့ ပစ္စည်းအရည်အသွေးကောင်းတော့ ဈေးလည်းကောင်းတယ်။ အစေ့အဆံ အရောင်အသွေးကစ မတူဘူး။ လက်ရှိတော့ ရန်ကုန်သမားဝယ်နေတယ်။ တရုတ်သမား အဓိကဝယ်တာပေါ့။ လက်ရှိ ဈေးကတော့ တောင်သူကောင်းတဲ့ဘက်မှာ ပါပါတယ်။ နောက်ရက်တော့ ကုန်ဝင်ပိုများမယ်။ လက်ရှိ တစ်နေ့ကို အိတ်အပိုင်း ၅ဝဝ ကနေ ၁ဝဝဝ ဝန်းကျင်လောက်ထိ ဝင်တယ်” ဟု ပခုက္ကူမြို့မှ ပဲယင်းရောင်းဝယ်ရေး လုပ်ကိုင်သူတစ်ဦးကပြောကြားသည်။

ပြီးခဲ့သည့်ရက်များအတွင်း ဈေးနှုန်းမြင့်တက်ခဲ့သည့် ပဲစင်းငုံမှာ ဈေးပြန်လည်ကျဆင်းရာ တစ်တင်း ကျပ် ၄ဝ၈ဝဝ ပေါက်ဈေးရှိပြီး လက်ရှိဈေးနှုန်းအနေဖြင့် ရောင်းချပါကလည်း တောင်သူများအကျိုးအမြတ်ရှိကြောင်း စိုက်ပျိုးလုပ်ကိုင်သူများထံမှ သိရသည်။ ပခုက္ကူသီးနှံဈေးကွက်အတွင်း နှမ်းဈေးနှုန်းများလည်း အနည်းငယ်ကျဆင်းသွားပြီး နှမ်းနက်စမုန်ရှယ် တစ်တင်းလျှင် ကျပ် ၇၁ဝဝဝ နှင့် နှမ်းနက်စမုန် ရိုးရိုးတစ်တင်းလျှင် ကျပ် ၄၅ဝဝဝ မှ ၆၉ဝဝဝ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source:** https://news-eleven.com/article/225265

## ခရမ်းချဉ်သီးဈေး စံချိန်သစ်တင်မြင့်တက်ခဲ့သောကြောင့် မကွေးတိုင်းဒေသကြီးအတွင်း ယခုနွေဦးရာသီအထိ ခရမ်းချဉ် စိုက်ပျိုးသူများရှိလာ



https://news-eleven.com/article/225267

ဇန်နဝါရီလအတွင်းက ခရမ်းချဉ်သီးဈေး စံချိန်သစ်တင် မြင့်တက်ခဲ့သောကြောင့် မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ်အများစုမှ တောင်သူများ ယခုနွေဦးရာသီချိန်အထိ ခရမ်းချဉ်ကို ပိုမိုစိုက်ပျိုးလာကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

ယခင်နှစ်များက နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် ခရမ်းချဉ်သီး တစ်ပိဿာလျှင် ကျပ် ၂၀၀ အထိ ဈေးနှုန်းကျဆင်းလေ့ရှိခဲ့ကြောင်း ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းနှင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းအထိ ခရမ်းချဉ်သီး တစ်ပိဿာလျှင် ကျပ် ၃၀၀၀ အထိ စံချိန်တင် ဈေးမြင့်တက်ခဲ့ကြောင်း ထိုသို့ဈေးနှုန်းမြင့်တက်မှုကြောင့် ယခုနွေဦးရာသီအထိ ခရမ်းချဉ်စိုက်ပျိုးသူ များပြားလာကြောင်းသိရသည်။ "ပုံမှန်ဆိုရင် ခရမ်းချဉ်သီးဈေးက ဒီဇင်ဘာလပိုင်းလောက်မှာ တစ်ပိဿာကို ကျပ် ၂၀၀ အောက်အထိဆင်းပါတယ်။ ဒါကြောင့် အဲ့ဒီရာသီမှာ ခရမ်းချဉ်စိုက်သူနည်းပါးလာပါတယ်။ ပြီးခဲ့တဲ့မိုးရာသီက မိုးနှောင်းပိုင်း မိုးအားတွေကောင်းလွန်းပြီး ခရမ်းချဉ်တွေ ပျက်စီးမှုများခဲ့ပါတယ်။ အဲ့လို စိုက်ပျိုးသူကနည်းပြီး စိုက်တဲ့အပင်တွေလည်း အပျက်များခဲ့တော့ ပုံမှန်ခရမ်းချဉ်သီး လိုင်တဲ့ရာသီမှာ ထွက်ကုန်ရှားပြီး ဈေးတွေကောင်းခဲ့တာပါ။ ဒါကြောင့် အခုနွေရာသီအစအထိ ခရမ်းချဉ်စိုက်သူတွေ ပြန်များလာတာပါ" ဟု မင်းဘူးမြို့နယ် အလံပါယ် ကျေးရွာမှ ခရမ်းချဉ်စိုက် တောင်သူတစ်ဦးကပြောကြားသည်။ "ခရမ်းချဉ်က ခူးဆွတ်ရာသီမှာ တစ်ပိဿာကို ကျပ် ၅၀၀ ဈေး လောက် ဖောက်သည်ဈေးရရင်ကို စိုက်တဲ့တောင်သူအတွက် မရှုံးပါဘူး။ အရင်နှစ်တွေက ရာသီပေါ်ဈေး တစ်ပိဿာကို ကျပ် ၂၀၀ အထိဖြစ်ခဲ့တော့ စိုက်သူနည်းလာကြတာပါ။ အခုနှစ်မှ ထူးထူးခြားခြား ဈေးကောင်းရလို့ နွေအထိလည်း ခရမ်းချဉ်စိုက်သူများလာတာပါ" ဟု မကွေးမြို့နယ်မှ တောင်သူတစ်ဦးက ပြောကြားသည်။

ခရမ်းချဉ်ကို မကွေးတိုင်းဒေသကြီးအတွင်း မကွေး၊ မင်းဘူး၊ ပွင့်ဖြူ၊ စလင်း၊ ပခုက္ကူ၊ ရေနံချောင်း၊ အောင်လံ၊ တောင်တွင်းကြီး၊ မြို့သစ်၊ နတ်မောက်မြို့နယ်များအတွင်း လယ်မြေများ၊ မြေနုကျွန်းနှင့် ကိုင်းမြေများတွင် အများဆုံးစိုက်ပျိုးလေ့ရှိကြောင်း၊ ၂၀၂၁ ခုနှစ်မှစ၍ မြေအောက်ရေကို ဆိုလာစနစ်ဖြင့် တင်၍ ယာမြေများတွင် ခရမ်းချဉ်နှင့် အခြားဟင်းသီးဟင်းရွက် စိုက်ပျိုးသူများလည်းရှိလာကြောင်း ယခုဖေဖော်ဝါရီလဆန်းပိုင်းတွင် ခရမ်းချဉ်သီးတစ်ပိဿာလျှင် ကျပ် ၁၀၀၀ ကျော် ပေါက်ဈေးရှိကြောင်း သိရသည်။

**Source:** https://news-eleven.com/article/225267

## ဓာတ်မြေဩဇာနှင့်စိုက်ပျိုးရေးဆေးများ အဆမတန်ဈေးမြင့်မှုကြောင့် အညာဒေသကျေးရွာများမှ တောင်သူများ သဘာဝမြေဩဇာများအား ကိုယ်တိုင်ပြုလုပ်အသုံးပြုလာ



https://news-eleven.com/article/225292

ကိုဗစ်ကူးစက်မှုများနှင့် နိုင်ငံရေးအခြေအနေများကြောင့် ဓာတ်မြေဩဇာနှင့် စိုက်ပျိုးရေးဆေးများ အဆမတန်ဈေးမြင့်တက်ခဲ့ပြီး အညာဒေသကျေးရွာများမှ တောင်သူများ သဘာဝမြေဩဇာများကို ကိုယ်တိုင်ပြုလုပ်၍ အသုံးပြုသူများ ရှိလာကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ်များမှ ယာမြေ၊ မြေနုကျွန်း၊ ကိုင်းစိုက်ခင်းနှင့် ဥယျာဉ်ခြံမြေ စိုက်ပျိုးရေးလုပ်ငန်းများတွင် ဓာတ်မြေဩဇာနှင့် ဓာတုဆေးဝါးများကို အဓိကထား အသုံးပြုလာခဲ့ကြသည်မှာ ဆယ်စုနှစ် သုံးစုကျော်ကြာခဲ့ပြီဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်အတွင်း ကိုဗစ်ရောဂါကူးစက်ပြန့်ပွားမှုနှင့် နိုင်ငံရေးအအခြေအနေများကြောင့် ကုန်စည်မျိုးစုံဈေးနှုန်း မြင့်တက်ခြင်းနှင့်အတူ စိုက်ပျိုးရေးသုံးဆေးဝါးများလည်း အဆမတန်ဈေး မြင့်တက်ခဲ့ကြောင်း၊ တောင်သူများ အဓိကထားသုံးစွဲလေ့ရှိသည့် ဓာတုဆေးဝါးများသည် မူလဈေးနှုန်းထက် သုံးဆမက ဈေးမြင့်တက်ခဲ့သောကြောင့် ဆိတ်ချေး၊ နွား

TIR

ချေး၊ ကြက်ချေး စသည့် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများနှင့် သစ်ရွက်၊ ကောက်ရိုး၊ မြက်စသည့် သဘာဝအမှိုက်များကို မြေဆွေးပြုလုပ်၍ သဘာဝမြေသြဇာကို အသုံးပြုသူများလာကြောင်းသိရသည်။ "ဓာတ်မြေသြဇာနဲ့ ဓာတုဆေးဝါးတွေက သုံးသင့်တဲ့ပမာဏထက် အသုံးပြုရင် ဖြစ်တတ်တဲ့ဘေးထွက်ဆိုးကျိုးတွေရှိတယ်။ အဲဒီလိုဆေးတွေကို လိုအပ်သလောက် သုံးသင့်သလောက်ပဲ အသုံးပြုဖို့နဲ့ သဘာဝမြေသြဇာတွေကို လက်ဖြစ်ပြုလုပ်ပြီး အဓိကထားသုံးဖို့ တောင်သူတွေကို ပညာပေးမှု နည်းပညာပေးမှုတွေလုပ်ခဲ့ပေမဲ့ တောင်သူ တွေက အလွယ်သုံးလို့ရတဲ့ ဓာတုဆေးတွေကိုပဲ အသုံးများခဲ့ကြတယ်။ အခု ဓာတုဆေးဝါးတွေ အဆမတန်ဈေးမြင့်တက်လာတော့ မှ သဘာဝမြေသြဇာတွေကို စိတ်ဝင်စားလာတော့ အဆိုးထဲကအကောင်းလို့ ပြောရမှာပါ" ဟု မကွေးတိုင်းဒေသကြီး သြဂဲနစ် စိုက်ပျိုးရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ နယ် ဥသျှစ်ကုန်းကျေးရွာမှ တောင်သူတစ်ဦးက "ငါးအမိုင်နိုအက်ဆစ်ကို ကြက်သွန်ခင်းမှာ စမ်းသုံးကြည့်မိရာက အပင်အတွက်ထိရောက်တာကိုသိပြီး မြေဆွေးလုပ်နည်းတွေကို လေ့လာခဲ့တာပါ။ အခုလို ဓာတုဆေးတွေ ဈေးမြင့်လာတော့ ဝယ်သုံးဖို့လည်း မတတ်နိုင်တော့လို့ သဘာဝမြေဆွေးကို ပြုလုပ်သုံးကြည့်နေတာပါ" ဟု ပြောကြားသည်။

မကွေးတိုင်းဒေသကြီးအတွင်းမှ တောင်သူများသည် ငါးအမိုင်နိုအက်ဆစ်ကဲ့သို့ အပင်အားဆေးများကို ကိုယ်တိုင်ပြုလုပ်အသုံးပြုလာသည့်အပြင် ကောင်းကျိုးပြုအဏုဇီဝပိုးများပါဝင်သည့် EM အရည်ဖြင့် သဘာဝမြေဆွေးများအား ကိုယ်တိုင်ပြုလုပ်အသုံးပြုလာကြောင်း သဘာဝမြေဆွေးများကို ထုတ်လုပ်ရောင်းချသည့်ကုမ္ပဏီများလည်း ရှိလာကြောင်းသိရသည်။

**Source:** https://news-eleven.com/article/225292

## အရင်အပတ်က အိန္ဒိယနိုင်ငံမှာ မြန်မာပဲစင်းငုံဈေး အနည်းငယ်ကျဆင်း

ပြည်တွင်းပြည်ပက ပဲစင်းငုံတွေအဝင်များတာနဲ့ ပဲခွဲစက်တွေက အဝယ်ပါးတာကြောင့် ပြီးခဲ့တဲ့အပတ်က အိန္ဒိယ၊ မွန်ဘိုင်းမှာ မြန်မာပဲစင်းငုံလီမွန်ဟာ ၅၀ ရူပီး ကျပြီး တစ်ကွမ်တယ်ကို ၆၀၀၀-၆၀၅၀ ရူပီး ရှိခဲ့ပါတယ်။

လက်လီဆိုင်တွေမှာ ပဲစင်းငုံခွဲခြမ်း အဝယ်နည်းနေတာကြောင့် ပဲခွဲစက်တွေက အဝယ်ထိန်းခဲ့ကြပြီး အာဖရိက ပဲစင်းငုံတွေကလည်း ဈေးသက်သက်သာသာနဲ့ ဝင်လာနေလို့ ဈေးကွက်ထဲမှာ ဖိအားတွေများခဲ့ပါတယ်။ အရင်အပတ်က မြန်မာပဲစင်းငုံလိုပဲ အာဖရိကပဲစင်းငုံတွေလည်း ဈေးကျဆင်းခဲ့ပါတယ်။ ဒါပေမဲ့ အိန္ဒိယပဲစင်းငုံ ပေါက်ဈေးကတော့ ၅၀ ရူပီး မြင့်တက်ပြီး တစ်ကွမ်တယ် ၆၆၀၀-၆၆၅၀ ရူပီးမှာ ဈေးဆက်မာနေခဲ့ပါတယ်။ ပဲစင်းငုံထုတ်လုပ်မှု ၃၄ % လျော့ကျမယ်လို့ ဒုတိယအကြိမ်အကြိုခန့်မှန်းထားတဲ့ မဟာရာသျှတ္တရာပြည်နယ်မှာ အစိုးရအေဂျင်စီတွေက တောင်သူတွေဆီကနေ ပဲစင်းငုံကို သတ်မှတ်အခြေခံဈေး MSP ဖြစ်တဲ့ တစ်ကွမ်တယ် ၆၃၀၀ ရူပီးနဲ့ မကြာခင်စတင် ဝယ်ယူလာမယ်လို့ သိရပါတယ်။

အလားတူ ဂူဂျာရတ်ပြည်မှာလည်း အစိုးရအေဂျင်စီတွေက ပဲစင်းငုံဝယ်ယူမှုကို ဒီလလယ်လောက်မှာ စတင်လုပ်ဆောင်တော့မယ်လို့ သတင်းထွက်နေပါတယ်။ လှောင်လက်တွေကတော့ အစိုးရရဲ့မူဝါဒတွေကြောင့် ရေရှည်တက်ဈေးမျှော် သိုလှောင်တာမျိုးမလုပ်သေးဘဲ စောင့်ကြည့်နေကြပါတယ်။ ဒါပေမဲ့ ပဲစင်းငုံအထွက်နှုန်း လျော့ကျမှာဖြစ်လို့ အရည်အသွေးကောင်းတဲ့ ပဲဆိုရင် ခပ်သွက်သွက်ဝင်ဝယ်တာမျိုးတော့လုပ်နေပါတယ်။

လေ့လာအကဲခတ်သူတွေရဲ့ ခန့်မှန်းချက်အရ အိန္ဒိယရဲ့ ပဲစင်းငုံထုတ်လုပ်မှုဟာ ၂၅-၃၀ % လောက်အထိတောင် ကျဆင်းနိုင်ခြေရှိနေတာကြောင့် ဒီအချက်က ပဲစင်းငုံဈေးကွက်ကို ကျားကန်ထိန်းပေးထားနိုင်ပါတယ်။ မြန်မာဈေးကွက်မှာတော့ အရင်အပတ်က ပဲစင်းငုံလီမွန်ရဲ့ CNF တစ်တန်ဈေးဟာ ၈၀၅ ဒေါ်လာရှိခဲ့ပြီး အိန္ဒိယဝယ်လက်တွေက ဈေးအနိမ့်မှာ အဝယ်ရှိခဲ့တယ်လို့ သိရပါတယ်။ ချန်နိုင်းကို တင်ပို့မယ့် ၂၀၂၂ ရာသီအတွက် ပဲစင်းငုံအသစ် ကွန်တိန်နာ ၅၀ ကို FOB တစ်တန် ဈေး ဒေါ်လာ ၇၁၀ နဲ့ ရောင်းဝယ်ခဲ့တယ်လို့ ဆိုပါတယ်။

**Ref: Commodity New**

**Source: Current Content**

## ဘယ်လ်ဂျီယံနိုင်ငံ၏ စူပါမတ်ကတ်များ၌ ကုန်စျေးနှုန်းများ (၃) ရာခိုင်နှုန်းမှ (၅) ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ခြင်း

ကိုဗစ်-၁၉ ကပ်ရောဂါစတင်ဖြစ်ပွားခဲ့သည့် ကာလနှင့်နှိုင်းယှဉ်ပါက ၂၀၂၂ ခုနှစ်၏ ပထမ သီတင်းပတ်အတွင်း ဘယ်လ်ဂျီယံနိုင်ငံရှိ စူပါမတ်ကတ်များ၌ ကုန်စျေးနှုန်းများသည် (၃) ရာခိုင်နှုန်း မှ (၅) ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း သိရပါသည်။ ကမ္ဘာ့ကုန်စည်စျေးနှုန်းများမြင့်တက်ခြင်း၊ ကမ္ဘာ့စွမ်းအင်စျေးမြင့်တက်မှုကြောင့် စားသောက်ကုန်လုပ်ငန်းများ၏ ကုန်ကျစရိတ်ပိုများလာရာမှ အမြတ်အစွန်းကျဆင်းမှု ဖြစ်ပေါ်ခဲ့ခြင်းတို့ကြောင့် ၂၀၂၂ ခုနှစ်တွင် ဘယ်လ်ဂျီယံ၌ ကုန်စျေးနှုန်းများ မြင့်တက်လာမည်ဟု ယခင်နှစ် စက်တင်ဘာလကပင် ကျွမ်းကျင်သူများက ကြိုတင်ခန့်မှန်းခဲ့ကြခြင်း ဖြစ်ပါသည်။

ဘယ်လ်ဂျီယံနိုင်ငံရှိ Carrefour စူပါမတ်ကတ်၌ ကုန်စျေးနှုန်း အများဆုံးမြင့်တက်ခဲ့ပြီး၊ ကပ်ရောဂါစတင်ချိန် ကာလနှင့် နှိုင်းယှဉ်လျှင် ပျမ်းမျှအားဖြင့် (၄.၄) ရာခိုင်နှုန်းမြင့်တက်ခဲ့ပါသည်။ Delhaize စူပါမတ်ကတ်၌ (၃.၁) ရာခိုင်နှုန်း၊ Aldi စူပါမတ်ကတ်၌ (၂.၃) ရာခိုင်နှုန်းတို့ဖြင့် ကုန်စျေးနှုန်းများ မြင့်တက်ခဲ့ခြင်းဖြစ်ပါသည်။ လက်ရှိတွင် ဘယ်လ်ဂျီယံရှိ Albert Heijn နှင့် Colruyt စသည့် စူပါမတ်ကတ်များက ၎င်းတို့၏ စျေးနှုန်းများကို တိုးမြှင့်ခြင်းမရှိသေးသော်လည်း စားသောက်ကုန်ထုတ်လုပ်သူများနှင့် ညှိနှိုင်းဆွေးနွေးရာတွင် ယခုနှစ်သည် ၎င်းတို့အတွက် အခက်ခဲဆုံးနှစ် တစ်နှစ်ဖြစ်သည်ဟု ပြောကြားကြောင်း သိရပါသည်။

Carrefour နှင့် Delhaize စူပါမတ်ကတ်များသည် ကုန်စျေးနှုန်းအပြောင်းအလဲများကို ဦးစွာလုပ်ဆောင်လေ့ ရှိကြကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ပထမပတ်တွင် ၎င်းတို့ရောင်းချသည့် ထုတ်ကုန်များ၏ (၄) ရာခိုင်နှုန်းမှ (၈) ရာခိုင်နှုန်းခန့် အထိအား စျေးနှုန်းပြင်ဆင်ပြောင်းလဲခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းစူပါမတ်ကတ်များအနေဖြင့် စျေးနှုန်းအပြောင်းအလဲများကို ဆက်လက်ဆောင်ရွက်ဖွယ်ရှိကြောင်း သိရပါသည်။

Colruyt စူပါမတ်ကတ်တွင်မူ စျေးနှုန်းမြင့်တက်မှုသည် (၀.၄) ရာခိုင်နှုန်းသာရှိခဲ့ကြောင်း၊ ၎င်းစူပါမတ်ကတ်အနေဖြင့် အခြားစူပါမတ်ကတ်များ၏ စျေးနှုန်းအပြောင်းအလဲများကို စောင့်ကြည့် ပြီး နောက်မှလိုက်၍ပြောင်းလဲသည့်ပုံစံ (price follower) ကို ဆောင်ရွက်လေ့ရှိခြင်းကြောင့်လည်းဖြစ်နိုင်ကြောင်း၊ Albert Heijn စူပါမတ်ကတ်အနေဖြင့် စျေးနှုန်းမြှင့်တင်ခြင်းကို ဆောင်ရွက်ထားခြင်းမရှိသေးသော်လည်း စျေးနှုန်းအပြောင်းအလဲပြုလုပ်ခြင်းကိုမူ ရှောင်လွှဲ၍ရနိုင်မည်မဟုတ်ကြောင်း သိရပါသည်။

စားသောက်ကုန်လုပ်ငန်းကဏ္ဍအနေဖြင့် စွမ်းအင်စျေးမြင့်တက်မှု၊ သယ်ယူပို့ဆောင်စရိတ်နှင့် ကုန်ကြမ်းပစ္စည်းများ အတွက် ကုန်ကျစရိတ်ကြီးမြင့်မှုတို့ကြောင့် အမြတ်အစွန်း လျော့ကျလျက်ရှိပါသည်။ ကုန်စျေးနှုန်းမြင့်တက်မှုသည် လက်လီစျေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချမှုများ မြင့်တက်လာခြင်းမှတစ်ဆင့် ၂၀၂၂ ခုနှစ်၊ ဥရောပ၏ ဆောင်းဦးရာသီကာလခန့်တွင် ပြန်လည်တည်ငြိမ်သွားမည်ဟု စူပါမတ်ကတ်များ၏ ဝက်ဘ်ဆိုဒ်များမှတစ်ဆင့် နေ့စဉ်စျေးနှုန်းများကို စောင့်ကြည့်လေ့လာသည့် အဖွဲ့အစည်း Daltrix ကပြောကြားကြောင်း သိရပါသည်။

**Source:** https://www.brusselstimes.com/belgium-all-news/202208/prices-in-supermarkets-already-up-3-to-5

**ကျော်စိန်ဝင်း (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်)**

## တရုတ်နိုင်ငံ၏ ကိုဗစ် ၁၉ ထိန်းချုပ်ရေးအစီအမံများကြောင့် အရှေ့တောင်အာရှနိုင်ငံများရှိ သစ်သီးဝလံစိုက်ပျိုးတင်ပို့သူများအနေဖြင့် ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်လျက်ရှိ

တရုတ်နိုင်ငံသည် ကိုဗစ် ၁၉ ရောဂါထိန်းချုပ်ရေးအတွက် တင်းကျပ်သော Zero Covid-19 မူဝါဒကိုကျင့်သုံးဆောင်ရွက်လျက်ရှိသောကြောင့် တရုတ်စျေးကွက်ကို အဓိကမှီခိုဆောင်ရွက်နေကြသော အရှေ့တောင်အာရှနိုင်ငံများရှိ သစ်သီးဝလံစိုက်ပျိုးသူများသည် ထိခိုက်ဆုံးရှုံးမှုများ ကြုံတွေ့နေရကြောင်း သိရှိရပါသည်။

၂၀၂၀ ပြည့်နှစ်တွင် အရှေ့တောင်အာရှနိုင်ငံများမှ တရုတ်နိုင်ငံသို့ သစ်သီးဝလံတင်ပို့မှု စုစုပေါင်းသည် အမေရိကန်ဒေါ်လာ ၆ ဘီလီယံနီးပါးရှိခဲ့ပါသည်။ လက်ရှိအချိန်တွင် ဗီယက်နမ်၊ မြန်မာနှင့်လာအိုတို့မှ တရုတ်နယ်စပ်သို့ရောက်ရှိလာသော ကုန်တင်ယာဉ်တန်းရှည်ကြီးများသည် နယ်စပ်ဖြတ်သန်းဝင်ရောက်နိုင်ရန်အတွက် စုပြုံပိတ်မိနေကြပါသည်။ မြန်မာနိုင်ငံမှ ကုန်တင်ယာဉ်မောင်းများအနေဖြင့် တရုတ်နိုင်ငံသို့ ဝင်ရောက်ရန်အတွက် ၁၅ ရက် ကွာရတင်းနေထိုင်ရမည်ဖြစ်၍ ဖရဲသီး

တင်ပို့သူများသည် ၎င်းတို့၏ အသီးများကို နယ်စပ်တွင်စွန့်ပစ်နေမှုများရှိကြောင်း၊ တရုတ်နိုင်ငံ၏ ကိုဗစ် ၁၉ ကန့်သတ်ချက်များမှာ အထူးသဖြင့် ဗီယက်နမ်နိုင်ငံမှ နဂါးမောက်သီး စိုက်ပျိုးတင်ပို့သူများအပေါ် ထိခိုက်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံရှိ မြို့ ၉ မြို့တွင် ဗီယက်နမ်မှ တင်သွင်းလာသည့် နဂါးမောက်သီးများပေါ်၌ ကိုဗစ် ၁၉ ရောဂါပိုးစစ်ဆေးတွေ့ရှိခဲ့ပြီးနောက် တရုတ်အာဏာပိုင်များသည် နဂါးမောက်သီးများရောင်းချသော စူပါမားကတ်များကို ပိတ်ခိုင်းခဲ့ပါကြောင်း၊ ဗီယက်နမ်သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်အသင်းမှ ပြောကြားချက်အရ ဒီဇင်ဘာလကုန်ပိုင်းတွင် တရုတ်သည် ကြိုတင်အသိပေးခြင်းမပြုလုပ်ခဲ့ဘဲ ဗီယက်နမ်နှင့်နယ်စပ်ကို ပထမဆုံးအကြိမ် ရုတ်တရက်ပိတ်ခဲ့သဖြင့် ဗီယက်နမ်နိုင်ငံရှိ နဂါးမောက်သီး၊ သရက်သီးနှင့်ပိန္နဲသီး စိုက်ပျိုးသူတစ်သန်းကျော်သည် ထိခိုက်နစ်နာမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံ၏ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တင်ပို့မှုစုစုပေါင်း အမေရိကန်ဒေါ်လာ ၃.၂ ဘီလီယံ၏ ၅၅ ရာခိုင်နှုန်းကျော်မှာ တရုတ်နိုင်ငံသို့ တင်ပို့နေခြင်းဖြစ်ကြောင်း သိရှိရပါသည်။

တရုတ်အာဏာပိုင်များသည် ဗီယက်နမ်နှင့်နယ်စပ်အား ဒီဇင်ဘာလတွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သော်လည်း စစ်ဆေးမှုအစီအမံများကို ဖြေလျှော့ပေးမှုမရှိသေးသည့်အတွက် ဒီဇင်ဘာလကုန်တွင် ကုန်တင်ယာဉ်အစီးရေ ၂၀၀၀ ခန့် နယ်စပ်တွင်ပိတ်မိနေခဲ့ပါသည်။ ဒီဇင်ဘာလလယ်တွင်မူ ကုန်တင်ယာဉ်အစီးရေ ၅၀၀၀ ခန့်ပိတ်မိခဲ့ခြင်းဖြစ်ပါသည်။ ဤသို့သော အခြေအနေ များကြောင့် ဗီယက်နမ်အစိုးရပိုင်းမှလည်း လက်ရှိကာလတွင် နယ်စပ်ဖြတ်သန်းတင်ပို့မှုများကို ရှောင်ရှားရန် စီးပွားရေးလုပ်ငန်းများသို့ ပြောကြားလျက်ရှိပြီး၊ အခြားဈေးကွက်များရှာဖွေပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

သို့ရာတွင် လေကြောင်းနှင့်ရေကြောင်းတို့ဖြင့် အခြားနိုင်ငံများသို့တင်ပို့ရာ၌ ကုန်ကျ စရိတ်ပိုမိုကြီးမြင့်သောကြောင့် တရုတ်နိုင်ငံအပြင် အခြားဈေးကွက်များသို့ ဖြန့်ခွဲတင်ပို့နိုင်ရန်မှာ ခက်ခဲမှုရှိကြောင်းနှင့် အရှေ့တောင်အာရှရှိ သစ်သီးဝလံစိုက်ပျိုးသည့်ဒေသအများစုမှာ လေဆိပ်များနှင့်နီးကပ်မှုမရှိကြကြောင်း ထောက်ပြပြောဆိုကြပါသည်။ ထို့ပြင် တရုတ်နိုင်ငံ၏ ကျန်းမာရေးဗဟုသုတရှိသော လူလတ်တန်းစားဦးရေ မြင့်တက်လာနေသောအခြေအနေကြောင့် လွန်ခဲ့သော ဆယ်စုနှစ်ကျော်ခန့်မှစ၍ အရှေ့တောင်အာရှနိုင်ငံများရှိ သစ်သီးဝလံစိုက်ပျိုးသူများသည် ယင်းဈေးကွက်အတွက်ရည်ရွယ်ကာ တိုးချဲ့စိုက်ပျိုးလာခဲ့ကြခြင်းဖြစ်ပြီး၊ တရုတ်နှင့်အရှေ့တောင်အာရှနိုင်ငံများအကြား လမ်းနှင့်အမြန်လမ်းကွန်ရက်များ ချိတ်ဆက်မှုတိုးတက်ကောင်းမွန်လာသော အခြေအနေကလည်း အကျိုးအမြတ်များရရှိလျက်ရှိပါသည်။

ဒေသတွင်းရှိ သစ်သီးဝလံစိုက်ပျိုးသူများအနေဖြင့် တရုတ်နှစ်သစ်ကူးကာလအတွက် မျှော်လင့်ချက်ကြီးမားခဲ့ကြကြောင်း၊ သို့သော် တရုတ်နိုင်ငံ၊ ပေကျင်းမြို့တွင် ကျင်းပလျက်ရှိသော ဆောင်းရာသီအိုလံပစ်အားကစားပွဲတော်ပြီးဆုံးမည့် ဖေဖော်ဝါရီ ၂၀ ရက်နေ့နောက်ပိုင်းအထိ တင်ပို့နိုင်မည့်အခြေအနေတိုးတက်လာမည်ဟု မမျှော်မှန်းနိုင်ကြောင်းနှင့် နယ်စပ်စစ်ဆေးမှုများကို ပိုမိုတင်းကျပ်လာနိုင်ဖွယ်ပင်ရှိကြောင်းဖြင့် တင်ပို့သူများက သုံးသပ်ကြပါသည်။

ထိုင်းနိုင်ငံဒူးရင်းသီးအသင်းမှ ဈေးကွက်မြှင့်တင်ရေးဆိုင်ရာ ဒုတိယဥက္ကဋ္ဌကလည်း လာမည့်လများတွင် တရုတ်နိုင်ငံသည် ၎င်း၏ နယ်စပ်ဂိတ်များကို ပိတ်လိုက်ဖွင့်လိုက် ဆက်လက်ဆောင်ရွက်နိုင်ဖွယ်ရှိသဖြင့် ဧပြီလ ဒူးရင်းသီးခူးဆွတ်ချိန်တွင် အသီးထုပ်ပိုးမှုဆိုင်ရာ စံနှုန်း သတ်မှတ်ချက်များနှင့် ကုန်သေတ္တာများကို ပိုးသတ်ခြင်းလုပ်ငန်းစဉ်များကောင်းမွန်လာစေရေးအတွက် ဆောင်ရွက်လျက်ရှိသည်ဟု ပြောကြားခဲ့ပါသည်။

Source: The Straits Time

**မြတ်နိုး (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ)**

## ဘရာဇီးလ်နိုင်ငံမှ တရုတ်နိုင်ငံသို့ အသားတင်ပို့မှုအခြေအနေများ
## (က) တရုတ်နိုင်ငံ၏ ဘရာဇီးလ်အမဲသားတင်သွင်းမှု ၃၁ ရာခိုင်နှုန်းတိုးတက်

တရုတ်နိုင်ငံ၏ အသားဝယ်ယူစားသုံးမှုသည် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိလာပြီး ဇန်နဝါရီလတွင် ဘရာဇီးလ်အမဲသားတင်သွင်းမှု သိသိသာသာမြင့်တက်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင်ထုတ်ပြန်သည့် အချက် အလက်များအရ တရုတ်နိုင်ငံသည် ဘရာဇီးလ်နိုင်ငံမှ အမဲသားတန်ချိန် ၁၄၀,၅၀၀ တန်အား တင်သွင်းခဲ့သဖြင့် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၃၁ ရာခိုင်နှုန်း ပိုမို တိုးတက်တင်ပို့နိုင်ခဲ့ကြောင်း နိုင်ငံခြားကုန်သွယ်မှုဌာန(Secretariat of Foreign Trade – Secex)၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



တရုတ်လူနာနှစ်သစ်တွင် ဘရာဇီးလ်နိုင်ငံမှ တင်သွင်းသည့် အသားများအပေါ် တရုတ်အစိုးရ၏ ကန့်သတ်ချက်များကြောင့် အသားတင်ပို့မှုများ ကျဆင်းခဲ့ကြောင်း၊ လက်ရှိအချိန်တွင် တရုတ်နိုင်ငံအတွင်းတွင် အသားဝယ်လိုအားများ မြင့်တက်လျက်ရှိနေသဖြင့် ဘရာဇီးလ်အမဲသားများအား ဝယ်ယူတင်သွင်းမှုများ သိသိသာသာ တိုးတက်လျက်ရှိကြောင်း လယ်ယာထွက်ကုန်ရောင်းဝယ်ရေး အကြံပေးကုမ္ပဏီ Ag Resource Brasil မှ သုတေသနပညာရှင် João Pedro Thieme က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ ဘရာဇီးလ်အမဲသား တင်သွင်းမှုသည် ဆက်လက်မြင့်တက်နိုင်မည့်အလားအလာများရှိနေကြောင်း၊ အာရှနိုင်ငံများသို့တင်ပို့နိုင်ရန် ယခင်နှစ်ကကြိုတင်ခန့်မှန်းခဲ့သော အမဲသားတန်ချိန် ၁၈၇,၀၀၀ တန်အထိ ရောက်ရှိနိုင်ကြောင်း သုတေသနတွေ့ရှိချက်အစီရင်ခံစာတွင် ဖော်ပြထားသည်။

## (ခ) ကြက်သားတင်ပို့သည့် ဘရာဇီးလ်ကုမ္ပဏီ ၂ ခုအား တရုတ်အစိုးရက ယာယီကန့်သတ်ပိတ်ပင်



တရုတ်နိုင်ငံအစိုးရလက်အောက်ရှိ အကောက်ခွန်ဌာန (china's General Customs Administration – GACC)သည် တရုတ်နိုင်ငံသို့ ကြက်သားတင်သွင်းနေသည့် ဘရာဇီးလ်ကုမ္ပဏီ ၂ ခုဖြစ်သည့် ဘရာဇီးလ်နိုင်ငံ၊ Goiás ပြည်နယ်တွင် အခြေစိုက်သည့် São Salvador Alimentos ကုမ္ပဏီနှင့် Mato Grosso do Sul ပြည်နယ်ရှိ Bello Alimentos ကုမ္ပဏီတို့အား ယာယီကန့်သတ်ပိတ်ပင်လိုက်ကြောင်း ဘရာဇီးလ်နိုင်ငံ အသားထုတ်လုပ်သူများအသင်း (Brazilian Association of Animal Protein– ABPA) ၏ ဇန်နဝါရီလ ၃၁ ရက်နေ့သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံအစိုးရ၏ အသားတင်သွင်းမှုဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာတင်ပို့နိုင်ရန် အတွက် ဘရာဇီးလ်အသားထုတ်လုပ်သူများအသင်းနှင့် ဘရာဇီးလ်အစိုးရတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ တင်ပို့မည့် ကြက်သားများ၏ အရည်အသွေးပြည့်မီမှုနှင့် ကျန်းမာရေးနှင့်ညီညွတ်မှုအသိအမှတ်ပြုလက်မှတ်များကို အသားထုတ်လုပ်သူများ အသင်းနှင့် သက်ဆိုင်ရာအစိုးရဌာနတို့မှ စိစစ်ထုတ်ပေးလျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် အာရှနိုင်ငံများသို့တင်ပို့နိုင်ရန် ဘရာဇီးလ်နိုင်ငံရှိ ကြက်သားထုတ်လုပ်သည့်စက်ရုံပေါင်း ၄၃ ရုံအား အရည်အသွေးအသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးထားပြီးဖြစ်သည့်အတွက် ဘရာဇီးလ်နိုင်ငံ၏ ကြက်သားတင်ပို့မှုအပေါ် ထိခိုက်မှုမရှိနိုင်ကြောင်း အသင်းကပြောကြားခဲ့သည်။

သတင်းရင်းမြစ် – canalrural.com.br

**ထွန်းအောင်ဇော် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရာဇီးလ်)**

# STOCK EXCHANGE (8.2.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 8th Feb. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | -100 | -1.20% | 8,300 | 8,300 | 8,200 | 86 | 705,900 | 33,109,694 | 271,499 |
| MTSH | 00002 | 2,950 | -50 | -1.67% | 3,000 | 3,000 | 2,950 | 1,598 | 4,784,500 | 38,929,150 | 114,841 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 10,400,986 | 83,208 |
| FPB | 00004 | 19,500 | +0 | +0.00% | 19,500 | 19,500 | 19,500 | 14 | 273,000 | 2,472,053 | 48,205 |
| TMH | 00005 | 2,700 | +100 | +3.85% | 2,700 | 2,700 | 2,700 | 100 | 270,000 | 12,823,224 | 34,623 |
| EFR | 00006 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 0 | 0 | 19,977,223 | 55,936 |
| AMATA | 00007 | 5,400 | +0 | +0.00% | 5,400 | 5,400 | 5,400 | 1 | 5,400 | 10,497,598 | 56,687 |

## Market summary

As of 8th Feb. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 382.27 | -2.28 | -0.59% | 385.29 | 385.29 | 382.27 | 1,799 | 6,038,800 | 7 | 664,999 |

### Index chart




## Market Overview

### Main Board

As of 1:00 pm, 8th Feb. 2022

| MYANPIX | 382.27 ▼ 2.28 |
|---|---|
| Total Volume (shares) | 1,799 |
| Total Value (MMK) | 6 mil |
| Listed Company | 7 |
| Market Cap. (MMK) | 664,999 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▼ 100 |
| MTSH | 00002 | 2,950 | ▼ 50 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 19,500 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 100 |
| EFR | 00006 | 2,800 | ▲ 0 |
| AMATA | 00007 | 5,400 | ▲ 0 |